စိတ်ကူးချိုချိုအနုပညာ

# ဂျာနယ်ကျော်မမလေး
# ရဲဘော်ပခင်၏မှတ်တမ်း



ဒုတိယအကြိမ်

# ဂျာနယ်ကျော်မမလေး

## ဂုဏ်ဘက်ပခင်၏မှတ်တမ်း

ကျွန်တော် သူ့ကို အတင်းကျပ်ကျပ်တည်းတည်းတော့ မတားမြစ်မိပါ။
တားတယ်ဆိုသာ တားပါသည်။ ဇွတ်အတင်းအကျပ် မတားခြင်းမှာ
ကျွန်တော့်တွင် ရည်ရွယ်ချက် နှစ်ရပ် ရှိပါသည်။
သူ၏ ရှေ့ကြီးပွားရေးနှင့် ကျွန်တော်ကိုယ်တိုင်ကလည်း
မျိုးချစ်စိတ် ထက်သန်သူဖြစ်၍ မြန်မာပြည်ကြီး အခွန့်ရှည်ကြာ
တည်တံ့သော လွတ်လပ်ရေးမျှော်မှန်းချက်တို့ကြောင့်..

mml0022
900.00 Ks

mgyoe.com

ရဲဘော်ပခင်၏မှတ်တမ်း၊ ဂျာနယ်ကျော်မမလေး
အပြင်အဆင် -အမ်အက်စ်အို၊ စာမျက်နှာ ၈၁ မျက်နှာ၊ ၁၂.၈ စင်တီ× ၁၈.၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ခင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ မတ်လ၊ ဒုတိယအကြိမ်၊ ၂၀၀၁ သီဟရတနာစာပေ၏ပထမအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၉ ၀ ၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# ရဲဘော်ဖခင်၏မှတ်တမ်း
## ဂျာနယ်ကျော်မမလေး

ဒုတိယအကြိမ်၊ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

[ ၁ ]

ဤအချိန်သည် ဂျပန်၏ အကူအညီဖြင့် မြန်မာပြည်ကြီး၏ လွတ်လပ်ရေး ရတော့မယောင်ယောင် အရိပ်အယောင်များ သန်းနေချိန် ဖြစ်ပါသည်။

တစ်သက်တွင် တစ်ခါမျှ ဝမ်းမမြောက်ဖူးသော ဝမ်းမြောက်ခြင်းမျိုး ဖြင့် ကျွန်တော့်တွင် ဝမ်းမြောက်နေပါသည်။ ကျွန်တော်၏ တစ်သက်တွင် လွတ်လပ်ရေးဆိုသည်မှာ ရွှေဖြစ်ငွေဖြစ် အင်္ဂလိပ်ထိုးသော ဆရာကြီး များကဲ့သို့ နောက်ဆုံး၌ ပြာပုံသာဖြစ်မည်ဟု စိတ်တွင် အောက်မေ့ မှတ်ထင်ခဲ့သည်။

ယခုမူ ကျွန်တော်၏နားတွင် ကြား၍နေသော လွတ်လပ်ရေး အသံ ဗလံများကြောင့် ယခုလောက် ဝမ်းမြောက်ခြင်းဖြစ်ပါသည်။

ကျွန်တော်၏ အခြေအနေမှာ စစ်ဒဏ်ကြောင့် ဥစ္စာပစ္စည်းများ ပျက်စီးဆဲရှိပါသည်။ မျက်စိလည်း တစ်နေ့ထက်တစ်နေ့ မှုန်၍နေသည်။ လူလည်း ဝမ်းကိုက်ရောဂါ၊ စိတ္တဇရောဂါနှစ်မျိုး နှိပ်စက်လျက်ရှိပါ သည်။ ကျွန်တော့်အခြေအနေမှာ အဖက်ဖက်မှ လုံးလုံးမျှော်လင့်စရာမရှိ လောက်အောင် ဖြစ်နေပါသည်။ သို့သော် ကျွန်တော့်မှာ အားကိုး အားထား သားတစ်ယောက်ရှိပါသည်။

mgyoe.com

mgyoe.com


သူ့အသက်မှာ ၁၆ နှစ်ထဲသို့ ရောက်ပြီ။ ကျွန်တော်သူ့ကို အထူး အားကိုးမိသည်။ ကျွန်တော့်အခြေအနေ ရှေ့ကို မည်မျှ ဆိုးရွားသွား စေကာမူ သူသည် ကျွန်တော့်ကို တစ်နည်းနည်းဖြင့် အကူအညီပေးနိုင် မည့် သားတစ်ယောက် ရှိသေးခြင်းကြောင့် ရှေ့ရေးကိုမတွေးဘဲ အဖက် ဖက်မှ နွမ်းပါးသည့်တိုင် စိတ်ချမ်းသာလျက်ရှိပါသည်။ မကြာမီ သူသည် ကျွန်တော့်ကို အသိမပေးဘဲ တိတ်တဆိတ် တပ်မတော်ထဲသို့ ဝင်သွား ပါသည်။

ကျွန်တော် အထူး တုန်လှုပ်၍သွားပါသည်။

ရှေ့ကိုဘာဖြစ်မည်ဟု ကျွန်တော့်ဘဝအခြေအနေအကြောင်း ကျွန် တော်သိသဖြင့် တုန်လှုပ်ခြင်းဖြစ်ပါသည်။ သူသည် ကလေးအရွယ်မျှ သာ ရှိသေးသည်။ စိတ်ကလည်း ထက်တုန်းအရွယ် စစ်ထဲဝင်ရန် အလွန် စိတ်ထက်သန်လျက်နေသဖြင့် ကျွန်တော် တားပါသေးသည်။ တား၍ မရပေ။ ကျွန်တော့်ကို အသိမပေးဘဲ စစ်ထဲဝင်သွားသည်။

ကျွန်တော်သူ့ကိုကျပ်ကျပ်တည်းတည်းတော့ မတားမြစ်မိပါ။ တား တယ်ဆိုရုံသာ တားပါသည်။ ဇွတ်အတင်းအကျပ် မတားခြင်းမှာ ကျွန် တော့်တွင် ရည်ရွယ်ချက်နှစ်ရပ်ရှိပါသည်။ သူ၏ ရှေ့ကြီးပွားရေးနှင့် ကျွန်တော်ကိုယ်တိုင်ကလည်း မျိုးချစ်စိတ် ထက်သန်သူဖြစ်၍ မြန်မာ ပြည်ကြီး အဝွန့်ရှည်ကြာစွာ တည်တံ့သော လွတ်လပ်ရေးမျှော်မှန်းချက် ဖြစ်ပါသည်။

သူ စစ်ထဲဝင်သွားကြောင်းကို ကျွန်တော်၏ ဆွေမျိုးဉာတိများနှင့် မိတ်သင်္ဂဟများ သိလာကြသည်။ အချို့မှာ ဆင်းရဲနွမ်းပါးသော ကျွန်တော်၏ဘဝကိုသိ၍ အပြစ်ပြောကြသည်။ အချို့လည်း အပြစ် မပြောကြ။ အချို့မှာ ကျွန်တော့်သားကိုအားကျ၍ သူတို့သားများကို အဆက်အသွယ်ရှိရာ စစ်ထဲသို့ သွင်းလိုက်ကြသည်။ အချို့ကမူ လူငယ်

mgyoe.com

mgyoe.com


များ၏ တက်ကြွသောစိတ်ကို မရှုဆိတ် မနာလို၍လည်းကောင်း၊ မျိုးချစ်စိတ် မရှိ၍လည်းကောင်း အမျိုးမျိုး ချိုးနှိမ်ရှုတ်ချ ကဲ့ရဲ့ပြစ်တင်စကားပြောလာကြပါသည်။

ဤလူစုနှင့် ကျွန်တော်နှင့် သဘောချင်း မတိုက်ဆိုင်၍ အတိုက်အခံပြောရတော့သည်။

သူ စစ်ထဲဝင်ပြီး ကျွန်တော့်အခြေအနေမှာ တစ်နေ့ထက်တစ်နေ့ ပိုဆိုးလာပါသည်။ စစ်ဒဏ်ကိုလည်း တစ်နေ့တခြား ကုန်းခံနေရပါသည်။ ရောဂါကလည်း နေ့ဆက် ရက်ဆက် နှိပ်စက်လျက်ရှိပါသည်။ မျက်စိလည်း အားနည်းသထက် နည်းနေပါသည်။ ဆေးဖိုးဆေးခနှင့် စားသောက်ရသည့် တန်ဖိုးကလည်း အဆပေါင်းများစွာ တတိုးတည်းတိုးနေသည်။ ကျွန်တော့်မှာ သူများနည်းတူ မရှာနိုင် မဖွေနိုင်သည့်အထဲတွင် မတန်တဆ သုံးစွဲနေရသဖြင့် ဘာပစ္စည်းတစ်ခုမျှ ကျွန်တော့်ထံ၌ အားကိုးရန် အဖိုးထိုက်အဖိုးတန် မကျန်တော့ပါ။

ကျွန်တော်၏တဲတွင် သူခိုး သုံးကြိမ်ခိုးခံရပါသည်။ အလစ်ဝင်၍လည်း ၅ ကြိမ် အဆွဲခံရပါသည်။ ကျွန်တော့်၌ ကျန်သမျှပစ္စည်း စောင်၊ ခြင်ထောင်၊ အဝတ်အစားနှင့်တကွ အဖိုးတန်တာကလေးတွေ မှန်သမျှ ကုန်ဆုံး၍သွားပါပြီ။

ဒုက္ခတွေ ဝိုင်းဝိုင်းလည်နေသည့်တိုင် ကျွန်တော် စိတ်မပျက်ပါ။ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲဟု စိတ်တင်း၍ထားပါသည်။ ကျွန်တော်၏သားသည် တနင်္ဂနွေနေ့တိုင်း ကျောင်းအား၍ အိမ်သို့ပြန်လာပါသည်။ အားပါးတရ ရွှင်လန်းဝမ်းမြောက်စွာ ပြောပြသော သူ၏ စစ်ပညာနှင့် သူ၏ နေရေးထိုင်ရေးများကို ကြားရတိုင်း ကျွန်တော် ပီတိဖြစ်မိသည်။

ထိုနေ့သည် တနင်္ဂနွေနေ့ ဖြစ်ပါသည်။ နံနက်စောစောအချိန်ကစ

mgyoe.com

mgyoe.com


၍ သူ့ကို တစ်မနက်လုံး ကျွန်တော်မျှော်လျက်နေပါသည်။ ၁၁ နာရီလောက်တွင် သူရောက်လာသည်။

သူ၏ နှမကလေးများက သူလာလျှင် စားရန် ဖွယ်ဖွယ်ရာရာမရှိသော်လည်း ရှိသမျှကလေးကို စားကောင်းအောင် ချက်ပြုတ်၍ ထားကြသည်။ နှမများ ချက်ပြုတ်ထားသမျှကို အားရပါးရ သူထိုင်စားနေသည်။ သူ အားရပါးရ စားနေပုံကိုကြည့်၍ ကျွန်တော် ဝမ်းနည်းမိပါသည်။ သူ့နှမများ သူ့အတွက် အကောင်းဆုံး စီမံထားသော ဟင်းအမည်မှာ ပဲပြုတ်၊ ငါးပိထောင်းမျှသာဖြစ်ပါသည်။

"သူတော့ နေ့စဉ်နေ့တိုင်း စစ်ကျောင်းမှာ ဝက်တစ်မျိုး၊ ကြက်တစ်မျိုး ငါးတွေ အမျိုးမျိုး ဟင်းမည်ပေါင်းစုံနဲ့ အဆီအဆိမ့်တွေ စားနေရတယ်။ ခုလို ငါးပိထောင်းနဲ့ ပဲပြုတ်ကို အိမ်ကလူတွေဝမ်းသာအောင် မစားချင်ဘဲနဲ့ သူ ဟန်လုပ်စားနေတယ်"

ကျွန်တော်သည် ဤအတွေးဖြင့် သူ့ကို ကောင်းကောင်းကလေးမှ မကျွေးနိုင်ပါကလားဟု တွေးတော ဝမ်းနည်းမိခြင်းဖြစ်ပါသည်။

"သားရေ . . . အကြောင်းကိစ္စအထူးရှိရင် မင်းဆီကို စာပေးလို့ရသလား"

စားသောက်ပြီးသောအခါ ခါတိုင်းကဲ့သို့ ဝိုင်းဖွဲ့၍ စကားပြောကြပါသည်။

"ရပါတယ် အဖေရဲ့ . . . မောင်ခင်မောင် နံပါတ် ၁၂၊ မူလတန်းစစ်ပညာသင်ကျောင်း၊ ပဋ္ဌမအပတ် မြန်မာ့တပ်မတော်လို့ရေးလိုက်ရင် ရောက်ပါတယ်"

"ဂျပန်တွေ မင်းတို့ကို သိပ်ပါးရိုက်တယ် ပြောကြတယ် ဟုတ်သလား"

"ရိုက်တာပေါ့ အဖေရဲ့"

သူက ခပ်ပြုံးပြုံး ပြန်၍ပြောပါသည်။

mgyoe.com

mgyoe.com


"ဒီအတိုင်းဆိုရင် မင်းတို့ကို စော်ကားတာပေါ့"

ကျွန်တော့်မျက်နှာ မှုန်သွားခြင်းကိုသူက ကြည့်၍ အပြုံးမပျက် ပြန်ပြောပါသည်။

"စော်ကားတယ် ဘယ်ဟုတ်မလဲ အဖေရဲ့ . . . သူတို့က ဆရာ၊ ကျွန်တော်တို့က တပည့်၊ ဆရာက တပည့်ကို ဘယ်မှာစော်ကားပါ့မလဲ။ စစ်ပညာ တတ်စေချင်တဲ့စိတ်နဲ့ ကြိုးကြိုးစားစား သင်ပေးတာပဲ။ ကျွန်တော်တို့က မလိုက်နိုင်လို့ ဖျင်းလို့အရိုက်ခံရတာပဲ"

ကျွန်တော်က မျက်မှောင်ကြုတ်၍ ပြန်ပြောလိုက်သည်။

"ဆုံးမတာတော့ ဆုံးမတာပေါ့ကွယ် . . . ပါးစပ်နဲ့လည်း ဆုံးမလို့ရတာပဲ။ ကြိမ်လုံးနဲ့လည်း ရတာပဲ။ ခုလို ပါးရိုက်တာက စော်ကားတာနဲ့ တူမနေဘူးလား"

ပါးရိုက်တာ ကျွန်တော် မကြိုက်မှန်း သူသိ၍ ခပ်တွေတွေကလေး ပြန်၍ပြောသည်။

"ဒါကတော့ အဖေရယ် . . . သူတို့ ဘယ်လိုပဲလုပ်လုပ် ကျွန်တော်တို့ ရည်ရွယ်ချက်ကတော့ ပညာရဖို့ပဲ၊ ခုနေအခါမှာ ပါးရိုက်ခံရုံမကလို့ ဖနောင့်နဲ့ပဲ ပေါက်ပေါက်၊ ဒူးနဲ့ပဲ တိုက်တိုက် ခံရမှာပဲ။ စစ်ပညာတတ်တာသာ ပဓာနပါ အဖေရယ်"

"အစားအသောက် ကောင်းကောင်းကျွေးပြီးခုလို စစ်ပညာသင်ပေးတာတော့ ကျေးဇူးတင်တာပေါ့ကွယ် . . . ဒါပေမဲ့ ပါးနားရိုက်တယ်ဆိုတော့ အဖေ စိတ်ဘယ်ကောင်းမလဲ"

"အစားအသောက်လား"

သူသည် ငေါ့၍ပြောလို၍လား၊ သို့မဟုတ် ဝမ်းမြောက်သွား၍လား ကျွန်တော် မခွဲခြားနိုင်လောက်အောင် နဂိုမျက်နှာပုံပန်းမျိုးမှ မချိုမချဉ် မျက်နှာမျိုးပြင်၍ ပြောလေသည်။

mgyoe.com

mgyoe.com


"အစားအသောက်ကတော့ အဖေတို့ အပြင်မှာသာ ဆီရှားတယ်၊ ဆားရှားတယ်၊ ကြက်သွန်၊ ငရုတ် အကုန်ရှားတယ်၊ ကျွန်တော်တို့ဆီမှာတော့ ဘာမှမရှိဘူး။ တစ်ခါတလေ ရွှေဖရုံသီးပြုတ်နဲ့ ကျွေးတယ်။ တစ်ခါတလေလည်း ဘူးသီးပြုတ်ပြီး ကျွေးတယ်။ ကံကောင်းတဲ့ တစ်ခါတလေတော့ အမဲသားလေးရပါရဲ့၊ ဆားတောင်မပါဘူး၊ မကျက်တကျက်ပေါ့ အဖေ"

ကျွန်တော့်ရင်ထဲ၌ ဘယ်လိုဖြစ်သွားမှန်း မသိပါ။ မျက်နှာကျောတင်းတင်း အသံတုန်တုန်ယင်ယင်ဖြင့် ပြန်ပြောလိုက်ပါသည်။

"ဟင် . . . မင်းတို့ ဒီလိုဖြင့် ပါးနားအရိုက်ခံပြီး ဇရပ်ထဲကခွေးလောက်မှ ကောင်းကောင်းမစားရဘဲနဲ့ကွာ . . . မင်းတို့ ဘာကိုမျှော်လင့်ပြီးနေကြတာလဲ။ ထွက်လိုက် ထွက် . . . တို့ဟာတို့ ဖြစ်သလို လုပ်ကိုင်စားမယ်"

သူသည် ဟက်ဟက်ပက်ပက် အားရပါးရ ရယ်မောရှိ နေပါသည်။ ရယ်မောပြီး ကျွန်တော့်ကို လေရှည်ကြီး တရားဟောပါလေသည်။

"အဖေတို့ မှားတာပေါ့။ ကျွန်တော်တို့ဟာ ကောင်းကောင်းစား ကောင်းကောင်းအိပ်ပြီး စည်းစိမ်ခံဖို့ စစ်တပ်ထဲဝင်တာမှ မဟုတ်ဘဲ။ မြန်မာပြည် လွတ်လပ်ဖို့၊ မြန်မာလူမျိုးလွတ်လပ်ဖို့၊ မြန်မာပြည်ကြီး လွတ်လပ်ရေးတကယ်ရပြီး တည်တံ့သွားရင် ကျွန်တော်တို့ ကောင်းစားဖို့၊ ဒါတွေကို ရည်ရွယ်ပြီး အစားအသောက် မကောင်းတာ မပြောပါနဲ့။ အသက်တောင် စွန့်ပြီးတိုက်ရင် တိုက်ရဦးမယ်။ ဒါနဲ့မှ ကံကောင်းလို့ မသေဘဲ ကျန်ရင် မြန်မာပြည်ကြီး လွတ်လပ်ရေးရပြီး အထက်တန်းရောက်မှာ တွေ့ရမှာပေါ့။ ဒီလို အဆင်းရဲ အပင်ပန်းခံပြီး မလုပ်ချင်ဘဲ ရှောင်နေရင် အနစ်နာ မခံကြရင် ဘယ်မှာ အသာစံစရာရှိတော့မလဲ အဖေရဲ့ . . . ကျွန်ဘဝက ဘယ်တော့ လွတ်ကြဦးမှာလဲ"

mgyoe.com

mgyoe.com


ကျွန်တော် ဘယ်လိုများ စိတ်ထိခိုက်မှန်း မသိပါ။

"ကျွန်တော်တို့ ဒုက္ခခံပြီး သူတော့ စစ်ထဲမှာ ကောင်းကောင်း စားသောက်နေရလိမ့်မယ်" အောက်မေ့၍ စိတ်အေးချမ်းသာ ဖြစ်နေရာတွင် သူပြောတာတွေ ကြားလိုက်ရသဖြင့် အလွန်စိတ်မချမ်းမသာ ဖြစ်၍ သွားပါသည်။ ကျွန်တော့်မှာ စကားကို မပြောနိုင်တော့ဘဲ သူ့ကို အကြောင်းသားေးကြည့်ပြီး သူပြောသမျှကို နားထောင်၍နေမိသည်။

"နို့ . . . မင်းလာတိုင်း မင်းနှမလေးတွေကို မနက် ကြက်သား၊ ည ဝက်သား အမျိုးမျိုးစားရတယ်ဆို၊ နေရေးထိုင်ရေးမလဲ ညီမများ တောင် သူတို့လောက်ဒုက္ခခံပြီး မစောင့်ရှောက်နိုင်ဘူးလို့ မင်း ပြောပြော သွားတာ တွေဟာ ခုတော့ အလကားပေါ့"

ကျွန်တော်က ယူကျုံးမရ ပြောလိုက်သည်။

"အလကားတော့ ဘယ်ဟုတ်မလဲ၊ ဟုတ်တာလည်း ဟုတ်တာပေါ့။ မဟုတ်တာလည်း အဖေတို့ စိတ်ချမ်းသာအောင် မဟုတ်တာပြောရတာ ပေါ့။ အဖေတို့သာ ကောင်းကောင်းမွန်မွန် နေကြပါ။ ကျွန်တော့်အတွက် စိတ်လည်း ဘယ်လိုမှ မထားပါနဲ့တော့။ စွန့်လွှတ်ထားပါတော့။ သွားမယ် အဖေ . . . ၁၂ နာရီ ထိုးနေပြီ။ မမီဘဲနေလိမ့်မယ်။ မမီရင် ဒဏ်ခံနေရမယ်"

သူသည် ပြောပြောဆိုဆို ထ၍သွားရန် ပြင်ဆင်၍နေပါသည်။

ကျွန်တော် ဘာမျှ ထပ်၍မပြောနိုင်ပါ။ စိတ်လည်း ဆိုး၊ ဝမ်းလည်း နည်းမိသည်။ ကျွန်တော်ထင်နေတာက တစ်မျိုး၊ ဖြစ်နေတာက တခြား။ ကျွန်တော့်မှာ သူ စစ်ထဲဝင်သွား၍ သူကောင်းစားလျက်ရှိသည်။ ရှေ့၌ ပိုမို၍ ကောင်းစားဦးမည်။ မြန်မာပြည်ကြီး ဤလူငယ်များ၏ ခွဲသတ္တိဖြင့် လွတ်လပ်ရေးရမည်။ ဤလူငယ်များ၏ အကြံဉာဏ်အားဖြင့်ရသည့် လွတ်လပ်ရေးသည် အရှည်သဖြင့် တည်တံ့ခိုင်မြဲလိမ့်မည်ဟု ကျွန်တော်

mgyoe.com

mgyoe.com


အဆင်းရဲခံကာ အမျိုးမျိုး စိတ်ကိုတင်း၍ နေသည်တွင် ယခုလို ဆင်းဆင်းရဲရဲနှင့် ညှဉ်းဆဲနှိပ်စက်ခံနေရရုံမကဘဲ နောက်ထပ်အသက် လည်း စွန့်ရဦးမည်။ ကျွန်တော်၏ အခြေအနေမှာလည်း ခွက်ဆွဲ၍ တောင်းစားဖို့ရန်သာ ရှိပါတော့သည်။

ကျွန်တော် အဖက်ဖက်မှ အမျိုးမျိုးတွေးတောလျက် မျက်ရည်များ ကျ၍လာပါသည်။ သူ့နှမလေးက ငွေ ၃ ကျပ် သူ၏လက်ထဲသို့ ထည့် လိုက်သည်။ သူသည် ကျွန်တော်၏ မျက်နှာကိုမကြည့်တော့ဘဲ ခပ် သုတ်သုတ်ကလေး ထွက်၍သွားသည်။

[ ၂ ]

ထိုနေ့ကစ၍ တစ်လမှ တစ်လခွဲနီးပါး အိမ်သို့သူပြန်မလာပါ။ ကျောင်းမှအပြင်ထွက်ခွင့်ရတိုင်း အခြားဆွေမျိုး ဉာတိအိမ်တွေကိုသာ သူသွားနေသည်။ သူမလာသည့်အကြောင်း ကျွန်တော်သိပါသည်။ သူလာလျှင် တစ်နေ့တခြား ဆိုးရွားလာသည့် ကျွန်တော်၏အခြေအနေ ကို ပြောပြ၍ စစ်တပ်မှ ထွက်ခိုင်းရပါတော့မည်။ ကျွန်တော်ထွက်ခိုင်း မည်ကို သူသိ၍ မလာခြင်းဖြစ်ပါသည်။

ဤရက်များအတွင်း ကျွန်တော့်မိတ်ဆွေများနှင့် အချို့ဆွေမျိုးများ ကို သူ့အတွက် တိုင်ပင်ကြည့်ပါသည်။

အမျိုးမျိုး အကြံပေးကြသည်။ အချို့ ပေါက်ရောက်သော ဆွေမျိုး များ ရှိလေသည်။ ဗိုလ်ချုပ်ထံ ပေါက်နိုင်သည့်အရာရှိထံသို့သွား၍ အမှန် အတိုင်း အကျိုးအကြောင်း ပြောပြလျှင် သနားသဖြင့် ထုတ်ပေးနိုင်သည် ဟု ပြောကြသည်။

ဤကိစ္စအတွက် ကျွန်တော် အထပ်ထပ် အပြန်ပြန်စဉ်းစားကြည့် သည်။ အကြောင်းမှာ ကျွန်တော့်ကိုယ်၌က မျိုးချစ်စိတ်ရှိနေသည်။

mgyoe.com

mgyoe.com


မြေကြီးလက်ခတ်မလွဲ မျှော်လင့်ချက်ကင်း၍ ဆင်းရဲမည့် ကျွန်တော့် ဘဝ ဖြစ်အင်ကလည်းရှိသည်။ ကျွန်တော်တစ်ယောက်သာမဟုတ်ဘဲ လူမ မယ် သူ့နှမငယ်လေး နှစ်ယောက်အတွက်ကလည်း ရှိသည်။

ကျွန်တော့်အတွက်မူ ဤလောကတွင် ဘာမျှ အသုံးချစရာမရှိပါ။ ဘာပဲဖြစ်ဖြစ် သူ့အကူအညီကို မယူဘဲ ဇွတ်မှိတ်၍နေလိုက်ပါသည်။ စစ်တပ်မှ ထုတ်ရေးအတွက် ဘာမျှမကြိုးစားတော့ဘဲ နေလိုက်ပါတော့သည်။

ထိုနေ့သည် မိုးလင်းစပင် ရှိသေးသည်။ ကျွန်တော်သည် တဲပေါက်ဝ၌ ထိုင်၍ လမ်းသွားလမ်းလာများကို ကြည့်နေပါသည်။ စောစောကြီး သူပေါက်လာလေသည်။ ကျွန်တော်နှင့်တကွ သူ၏နှမငယ်ကလေးများပါ အားလုံး ဝမ်းသာအားရဆီးကြိုနှုတ်ဆက်ကြသည်။ သူသည် ခါတိုင်းကဲ့သို့ ဝမ်းသာအားရမရှိပါ။ မျက်နှာလည်း မကြည်ပါ။ အတော်ပင်ပန်းပုံရနေသည်။ မျက်ကွင်းများ ချိုင့်လျက်ရှိပါသည်။

"ခုမှပဲ ပေါ်လာရသလား"

ကျွန်တော်က မြည်တွန်တောက်တီးလုပ်သော်လည်း ဘာမျှပြန်မပြောဘဲနေသည်။

သူ့နှမကလေးမှာ ဆိုင်သို့ပြေး၍ မုန့်ကြွပ်တစ်ခုနှင့် လက်ဖက်ရည်တစ်ခွက်ဝယ်လာပြီး သူ့ကိုတိုက်ပါသည်။ စားသောက်ပြီးစီးသောအခါ သူအတော်ဘဲ ရွှင်လန်းလာသည်။ ထိုအခါမှ ရယ်ရယ်မောမောနှင့် စကားပြောဖော်ရလာပါသည်။ ကျွန်တော့်မှာ သူတို့မောင်နှမသုံးယောက် စကားပြောနေကြသည်ကို အမှတ်တမဲ့ နားထောင်နေသည်။

"ငါတို့ဖြင့်ကွာ တစ်ညလုံး မအိပ်ရဘူးဟေ့ . . . ကံကောင်းလို့ နင်တို့နဲ့တွေ့ရတာ"

သူပြောပုံ ဆန်းလှ၍ ကျွန်တော်လည်း အမှတ်တမဲ့နေသလို နေရာ

mgyoe.com

mgyoe.com


မှ "ဘာဖြစ်လို့လဲ" ဟု ကြားဖြတ်၍ မေးလိုက်သည်။

"ဟာ . . . မပြောပါနဲ့တော့ အဖေရာ၊ ကျွန်တော်တို့ စစ်ဗိုလ်က ယမ်းတိုက်ကို ဝင်စီးဖို့ အမိန့်ပေးတာကြောင့် မနေ့က ၁၂ နာရီလောက်က အစပေါ့။ ကျွန်တော်တို့ မူလတန်းကျောင်းသားတွေ မြန်မာတွေဖို့ဆိုပြီး ထားတဲ့ ယမ်းတိုက်ကို တစ်ခါတည်း ဝင်ပြီးစီးကြတာပေါ့။ ပထမ တံခါးတော့ သော့တူနဲ့ဖွင့်ပြီးပြီ။ ဒုတိယတံခါးအဖွင့်မှာ ဂျပန်တွေ ရိပ်မိသွားပါရော၊ ကျွန်တော်တို့လည်း ဘာကြောက်မလဲ၊ ခံပြီး ပစ်တော့မယ်လုပ်နေတုန်း ကျွန်တော်တို့အုပ်ချုပ်တဲ့ဗိုလ်က အလိမ္မာနဲ့ လှည့်အုပ်လိုက်တာပေါ့။ ဒီတော့ သူတို့က မေးတယ်၊ မင်းတို့ဘာလုပ်ကြတာလဲတဲ့။ ကျွန်တော်တို့ဗိုလ်က ညတိုက်ပွဲ လေ့ကျင့်ဖို့ သူတို့ပြင်ဆင်နေကြတာပါလို့ ပြောပြလိုက်တယ်။ ဒီတော့ ဂျပန်က ဒီလိုကြိုးစားကြတာ ချီးကျူးပါတယ်ဆိုပြီး ထွက်သွားတယ်"

သူပြောလိုက်သည့်စကားမှာ ကျွန်တော့်နားထဲ ရင်ထဲခိုက်သွားလျက် ပါးစပ်၌ကိုက်ထ .သည့် ဆေးလိပ်လည်း လွတ်ကျ၍သွားပါသည်။ လက်ခြေများနှင့် နှလုံးပါ တဆတ်ဆတ်ခုန်လာပါသည်။ အဓိပ္ပာယ်နားမလည်ပါ။

"မင်းတို့ ဘာလုပ်ကြတာလဲ၊ ဂျပန်တွေက မင်းတို့ကို ဒီလိုပဲ အသာတကြည် ပြောလွှတ်လိုက်သလား၊ မင်း ရူးလာသလား၊ မင်း ဘာတွေပြောနေတာလဲဟင်"

ကျွန်တော်သည် သူပေးမည့်အဖြေကို စိုးရိမ်ကြီးစွာဖြင့် တထိတ်ထိတ် နားစွင့်ထားရသည်။

"ဘာရူးမလဲ အဖေရဲ့ . . . တော်လှန်တာပေါ့။ ကျွန်တော်တို့ လူနည်း နည်းလုပ်တာမှ မဟုတ်ဘဲ။ ကျွန်တော်တို့ စစ်တပ်ကြီး တစ်တပ်လုံးက တော်လှန်တာပဲ။ သူတို့ကလည်း ကြည်ကြည်သာသာနဲ့ အချို့

mgyoe.com

mgyoe.com


သပ်လိုက်တာပဲ။ နောက်ထပ် ဘာလုပ်ဦးမလဲတော့ ဘယ်သိမလဲ"

ကျွန်တော် ပိုမို၍ ရင်တုန်ရသည်။ သူကငြိမ်သက်လျက် မျက်တောင် တဖျပ်ဖျပ်ခတ်နေသည်။

"ဟင် . . . အခုဘယ်လိုလုပ်ပြီး လွတ်အောင်ထွက်လာခဲ့ကြတာ လဲ . . . ပြောစမ်းပါဦး၊ ဘယ်လို ဘယ်လို"

"သူတို့ ကျွန်တော်တို့ကို မသတ်ချင်သေးလို့ လွှတ်လိုက်တာပေါ့ အဖေရ၊ ဒီလို ဒီလို . . . ကျွန်တော်တို့ဗိုလ်က လွတ်အောင်ပြေးကြဆိုလို့ စွန့်ပြီး ဂျပန်စစ်တပ်တွေကြားထဲက တစ်ညလုံး ကြွေမပျက် ထွက်လာ ခဲ့ရတာ။ ဂျပန်တွေက ကျွန်တော်တို့ဗိုလ်ကို အမိန့်ထပ်ပေးတယ်။ ကလေးတွေ ညတိုက်ပွဲ အခုမဆင်းပါနဲ့ဦး။ အားလုံး လက်နက်ဖြုတ် လိုက်ပြီးလေယာဉ်ပျံကွင်းထဲက ဗုံးကျထားတဲ့ ကျင်းတွေဖို့ခိုင်းရအောင် လွှတ်လိုက်ပါဆိုတဲ့အမိန့် ရောက်လာပါရော။ ကျွန်တော်တို့ဗိုလ်က လည်း အပါးပဲ၊ သိပါတယ်၊ ကျွန်တော်တို့ကိုခေါ်ပြီး ကွင်းထဲမှာ စက် သေနတ်နဲ့ ပစ်သတ်မှာသိလို့ ဒီနေ့တော့ ခွင့်လွှတ်ပါ။ သူတို့ ထွက် သွားကြပါပြီ။ မနက်မှပဲ ခိုင်းပါတော့ဆိုတဲ့အမိန့် ပြန်တောင်းတုန်း ကျွန်တော်တို့ကို မင်းတို့ လွတ်အောင်ပြေးကြပေတော့လို့ တစ်ဖက်လှည့် ပြီး လွှတ်လိုက်တာပဲ။ ကျွန်တော်တို့လည်း ဘာကြောက်မလဲ၊ သူတို့ ရန်မူရင် ခံချမှာပဲ"

ကျွန်တော့်မှာ သူပြောသည့်စကားကို နားထောင်ရင်း တွေးမရအောင် ဖြစ်မိသည်။

ဘာကြောင့်များ တော်လှန်တာလဲ။ သူတို့လက်ထဲမှာ ဘယ်နည်းနဲ့ တော်လှန်၍ရမှာလဲ။ အင်ဒိုချိုင်းနားကိုပြေး၍ သတိရပါသည်။ သူတို့ လက်ထဲမှာ ဘာရှိသလဲ၊ သိပ်ညဏ်မဲ့တဲ့လူတွေပါလား။

ကျွန်တော် အမျိုးမျိုးတွေးကာ သူတို့ကို အပြစ်တင်ချင်ပါသည်။

mgyoe.com

mgyoe.com


စိတ်အပျက်ကြီးပျက်သွား၍ သူ့အတွက် ဘာလုပ်ရမှန်းမသိအောင် စိတ်ပူလာသည်။

"ငါ မေးစမ်းပါရစေဦး . . . အခု ဘယ်သူ့သဘောနဲ့ တော်လှန်ကြတာလဲကွ"

"လူကြီးများသဘောနဲ့ပေါ့ အဖေရ"

ကျွန်တော့်မှာ ဂျပန်ဆီက လွတ်လပ်ရေးရတော့မည်ဟု အတွေးရောက်နေခဲ့သူဖြစ်သည်။ အခုတော့ တစ်မျိုးကြားပြန်ပါပြီ။

"ဘာအကြောင်းကြောင့်လဲကွာ"

သူသည် ကျွန်တော့်မျက်နှာကို စေ့စေ့ကြည့်၍ အပြစ်တင်သံနှင့် ကျွတ်ဆတ်ဆတ် ပြန်၍ပြောပါသည်။

"ဟာ . . . အဖေကလည်း ဒီဂျပန်တွေက ဂျပန်ဖက်ဆစ်တွေ၊ သွေးစုပ်ဘီလူးတွေ၊ မြန်မာတစ်မျိုးလုံး နှိပ်စက်နေတာ အဖေတို့ မသိကြဘူးလား။ ဒီလောက် စော်ကားနေကြတာ ခံနေရမှာလား။ ဒီလောက် ကျွန်တော်တို့ လုပ်လာကြပါတယ်ဆိုမှ အဓိပ္ပာယ်မသိတာလည်း အံ့ပါရဲ့ အဖေရယ် . . ."

ကျွန်တော်မှာ စိတ်ထွက်သွားသည်။

"တို့က မင်းတို့ရဲ့အတွင်းရေး ဘယ်သိနိုင်မလဲကွယ့်။ အခု စာကလေးကြော်၊ အခု ဆီထမင်း၊ အခု ဖင်ကြော၊ ရင်ကြောတင်းဆိုတာလို လုပ်နေလို့ ဖြစ်ပါ့မလား။ ကလေးကစားနေတာ မဟုတ်ဘူးကွ။ တိုင်းပြည်ရေး၊ လူမျိုးရေး သေရေးရှင်ရေးတွေ ခုတစ်မျိုး ခုတစ်မျိုး လုပ်လို့ရမလား။ မင်းလည်း ငယ်တော့တာ မဟုတ်ဘူး။ စဉ်းစားကြည့်ပါဦး"

သူက ကျွန်တော့်ကိုပြန်၍ ဒေါနှင့်မောနှင့် ချေပနေပေသည်။

"အစတုန်းက သူတို့ကောင်းလိမ့်မယ်ထင်လို့ လုပ်ကြတာဖြစ်မှာပေါ့။ သစ္စာရှိလိမ့်မယ်ထင်လို့ လုပ်ကြတာဖြစ်မှာပေါ့။ ခုလို ထင်တိုင်း

mgyoe.com

mgyoe.com


မဟုတ်ဘဲ ရမ်းရမ်းကားကား ရိုင်းရိုင်းစိုင်းစိုင်း နှိပ်စက်လာတော့ ဒီလိုပဲ မိုတ်ခံနေကြမလား။ တွန်းထုတ်ရုံရှိတော့တာပေါ့၊ တိုက်ထုတ်ရုံ ရှိတော့ တာပေါ့"

"ဟုတ်ပါပြီကွာ . . . သူတို့ပြောသလို တော်လှန်ကြပါပြီ။ မင်းတို့မှာ ဘာလက်နက်ရှိသလဲ။ ဘယ်သူ့အားကိုးမလဲ။ ဘယ်သူက ထောက်ပံ့ မှာလဲ"

"ဟာ . . . ဒါတွေက ကျွန်တော့်တာဝန်မဟုတ်ဘူး။ လူကြီးများရဲ့ တာဝန်ပဲ၊ ကျွန်တော်တို့ရဲ့ တာဝန်က လူကြီးတွေရဲ့အမိန့်ကို နာခံရုံသာ ရှိတာပဲ။ ကျွန်တော်တို့ အသက်တော့ တိုင်းပြည်အတွက် လှူပြီးသား"

"တော် တော် . . . ဆက်မပြောနဲ့တော့၊ အခု ဘယ်လိုလုပ်ကြမလဲ"

ကျွန်တော့်မှာ မကြံနိုင်မဖန်နိုင်ဖြစ်နေ၍နေသည်။ ရှေ့ရေးကိုသူ့ အတွက် မတွေးဝံ့အောင် ဖြစ်မိသည်။

"ကဲလေကွာ . . . ပြောလေကွာ ပြောလေ၊ ဘယ်လိုလုပ်ကြမလဲ"

သူသည် အေးအေးဆေးဆေးဖြင့် ဘယ်လောက်မှအရေးမကြီးသလို လုပ်၍ ပြောပါသည်။

"ခုတော့ ဘာမှလုပ်စရာမရှိသေးပါဘူး၊ သူတို့မမိအောင် ရှောင်နေ ရုံပဲ၊ အချိန်ကျမှ ထလုပ်ရုံရှိတာပဲ"

ကျွန်တော်၏တဲမှာ ပေတစ်ရာလမ်းပေါ်တွင် ရှိသည်။ ဂျပန်စစ် သားများ အိမ်ရှေ့တွင် ဥဒဟို လမ်းလျှောက်နေကြသည်။ ကျွန်တော့် တဲရှေ့မျက်နှာချင်းဆိုင်အိမ်တွင် တာဂျီးမားဆိုသည့် ဂျပန်ကုန်သည်တစ် ယောက်နေပါသည်။

ကျွန်တော် စိတ်မလုံနိုင်တော့ပါ။ စစ်ဝတ်စစ်စားအချွတ်ခိုင်းပြီး သူ့ ကိုရုပ်ဖျောက်ရသည်။ ကျွန်တော့်တွင် တစ်ပုဆိုးပေါ်နှစ်ပုဆိုး သုံးပုဆိုးဆင့်၍ လာပါပြီ။ ကျွန်တော်အရေးကြီးနေသလောက် သူက မတုန်မလှုပ်လုပ်

mgyoe.com

mgyoe.com


၍နေ ကျွန်တော် စိတ်မရှည်နိုင်အောင် ဖြစ်လာသည်။

"အိမ်မှာရှိတဲ့ မင်းပစ္စည်းတွေ ဘယ်လိုလုပ်ရမှာလဲ ပြောပါဦး"

"ကျွန်တော် ခုဝတ်လာတဲ့ စစ်ဝတ်တစ်စုံ သပ်သပ်ဖယ်ထားမယ်။ တခြား တခြားဟာတွေတော့ အားလုံး ဖျက်ဆီးလိုက်ပါ့မယ်"

"အို . . . အမှုရောက်မယ့်ပစ္စည်း ဘာထားနေစရာရှိသေးသလဲ၊ ချွတ်ထားတဲ့ ဒီစစ်ဝတ်ပါ အားလုံး ဖျက်ဆီးပစ်လိုက်စမ်းပါ"

"အကုန်လုံး ဖျက်ဆီးလို့မဖြစ်သေးဘူး အဖေ . . . အလုပ်က အများကြီးလုပ်စရာရှိသေးတယ်"

ကျွန်တော်ခေါင်းကြီး၍ စိုးရိမ်စိတ်တွေ မွှန်နေသည်။ သူ့မှာမူ အေးစက်စက်။

"ဘာအလုပ်တွေ ကျန်သေးလို့လဲကွ။ ထားမနေပါနဲ့တော့။ တို့ပါ ဆက်ပြီး ဒုက္ခရောက်ကုန်ပါဦးမယ်ကွာ။ ဒါပဲလား၊ တခြား ဘာတွေ ကျန်သေးသလဲ"

သူက အေးတိအေးစက်ဖြင့် ဖြေသည်။

"တခြားတော့ မကျန်ပါဘူး။ သေနတ်တစ်လက်ပဲ ရှိတယ်"

"အမယ် ဘယ်မှာလဲ ဒီသေနတ် . . . ပေး ငါ့ကို ပေး၊ ငါဖျက်ပစ်လိုက်မယ်"

"အို . . . အဖေကလည်း သေနတ်က ဖျက်ပစ်လိုက်ဖို့မှ မဟုတ်ဘဲ။ ဂျပန်တွေကို ချဖို့ပါ။ ကျွန်တော် ဒီကိုယူမလာဘဲ တစ်နေရာမှာ ဖွက်ထားခဲ့တယ်"

"သားရယ် . . . တော်ပါတော့ကွယ်။ မင်းကိုယ်မင်း လွတ်အောင် ရှောင်ပါ။ မင်းတို့အလုပ်က ရေရာတော့တာမှ မဟုတ်ဘဲ။ ခုလို ကံကောင်းလို့ မသေဘဲ လွတ်လာပြီးမှ တစ်ခါထပ်ပြီး ထောင်ချောက်ထဲ ဝင်သလိုဖြစ်နေပါဦးမယ် သားရယ်"

mgyoe.com

mgyoe.com


ကျွန်တော် ချော့၍ပြောပါသည်။ ယခုအချိန်တွင် သူ့အားချော့မှ ဖြစ်ပေတော့မည်။ ချော့မရမှ အတင်းအကျပ်လုပ်ရန် စိတ်ကူးပါသည်။

"မဟုတ်ဘူး အဖေ . . . ကျွန်တော် ကင်းကင်းရှင်းရှင်းလာတာ မဟုတ်ဘူး။ ကျွန်တော့်မှာ တာဝန်ကြီးနဲ့၊ အဖေတို့ ကျွန်တော့်ပစ္စည်း တွေသာ မြေကြီးထဲ မြှုပ်တန်တာ မြှုပ်ပြီး မီးရှို့သင့်တာ ရှို့လိုက်ပါ။ ကျွန်တော် ခုသွားရဦးမယ်။ ကျွန်တော့်ဗိုလ်က ချိန်းထားတယ်။ ညနေ မှပဲ အရိပ်အခြည်ကြည့်ပြီး ပြန်လာမယ်"

သူသည် ပြောပြောဆိုဆို စောစောက ချွတ်ခိုင်း၍ ချွတ်ထားသည့် စစ်ဝတ်စစ်စားကို ပြန်၍ ဝတ်နေပြန်သည်။

ကျွန်တော့်မှာ အထူးစိတ်ဆင်းရဲရသည်။ သူ့အတွက် အလွန်ထိတ် လန့်၍ ပူပန်ရသည်။ ဤမျှအရေးကြီးနေစဉ် ပုန်းလျှိုးဝှက်လျှိုးနေရမည့် အချိန်၌ ဤအဝတ်အစားများနှင့်ပေါ်ပေါ်ထင်ထင်ကြီးထပ်၍ အပြင် ထွက်သွားဦးမည်ကို စိုးရိမ်လွန်းလှသည့်အတွက် အတင်းအကျပ် တားရပါသည်။

သူ၏နှမလေးများလည်း ဝိုင်း၍တားကြသည်။ ဘယ်လိုတား၍မှ မရပါ။ အတင်းထွက်၍ သွားပါသည်။

သားသမီး . . . သားသမီး၊ တယ်လည်းခက်တဲ့ သားသမီးပါလား။ သူတို့စိတ်နှင့် သူတို့ကိုယ်ပဲ။ သူတို့ကို ဘယ်လိုလုပ်ရမလဲ။ ရိုက်ပြီး ဆုံးမရမလား။ ရိုက်ရင်ကော ခံမလား။

ကျွန်တော့်ရင်ထဲ၌ တဖြစ်ဖြစ် မြည်တမ်းတွေးတောလျက် စိတ်မောဲ ၍ ကျန်ရစ်ခဲ့ပါသည်။

သူထားခဲ့သည့် ပစ္စည်းတွေနှင့် ကြံရာမရဖြစ်ကာ သိမ်းသော်လည်း စိတ်မလုံဘဲ ဖြစ်နေသည်။ ဟိုနေရာတူး မြှုပ်၊ သည်နေရာတူး မြှုပ်နှင့် အလုပ်ရှုပ်နေပါသည်။ စာရွက်စာတမ်းတချို့ကို မီးရှို့ပစ်လိုက်ပါသည်။

mgyoe.com

mgyoe.com


မီးရှို့လိုက်သည့် ပစ္စည်းများအတွက် စိတ်ထဲ၌ လုံခြုံသွားသော်လည်း မြှုပ်ထားသည့် ပစ္စည်းများအတွက် စိတ်မလုံ ဖြစ်လာပြန်သည်။ သည်နေရာက ပြန်ဖော်၍ ဟိုနေရာပြန်မြှုပ်လိုက်၊ ဟိုနေရာက ပြန်ဖော်၊ သည်နေရာမြှုပ်နှင့် တစ်နေ့လုံးလုံး အလုပ်ရှုပ်လျက်နေပါသည်။

ဂျပန်စစ်သားများမှာ ခါတိုင်းကဲ့သို့ အိမ်ရှေ့၌ လမ်းလျှောက်သွားလျက်ရှိကြသည်။ ယနေ့ကျွန်တော်စိတ်တွင် ထူးခြားသည် ထင်မိသည်။ သူတို့ခေါင်းလှည့်တိုင်း ကျွန်တော်၏တဲကို ကြည့်သည်ထင်သဖြင့် ထန်းရွက်လေခတ် တလှုပ်လှုပ်ဆိုသကဲ့သို့ ခေါင်းကြီးလိုက်၊ ရင်ဖိုလိုက်နှင့် ဂျပန်တွေကို မတွေ့မမြင်လိုသလောက်ဖြစ်နေပါသည်။

"ဘုရား . . . ဘုရား၊ သားကလေး လွတ်ပါစေ၊ မမိပါစေနဲ့ အရှင်ဘုရား၊ မြတ်စွာဘုရား . . . သမ္မာဒေဝနတ်မြတ်များ ကယ်မတော်မူပါ"

ကျွန်တော့်နှုတ်က တတွတ်တွတ် ဆုတောင်းလျက်နေရသည်။

ဤနေ့ ဤအချိန် ကုန်၍သွားသည်။ တစ်နေ့လုံး ဖုတ်လှိုက်ဖုတ်လှိုက်နှင့် အလွန်စိတ်ပင်ပန်း၍နေပါသည်။ ဘာမျှမလုပ်မကိုင်ရဘဲနှင့် ပင်ပန်းမောဟိုက်နေပါသည်။ မှောင်စပြု၍ လာပါပြီ။ ကျွန်တော့်မှာ ဘယ်နေရာမှ အငြိမ်ထိုင်၍ မရသဖြင့် ရှေ့တွင် ထွက်ရပ်၍ သူ့ကိုသာ မျှော်နေမိသည်။

သူသည် အမှောင်ထဲတွင် ဖြတ်သန်း၍ ကျွန်တော်တို့တဲဆီသို့ တဖြည်းဖြည်း လျှောက်၍လာနေသည်။ သူမှန်းသိလျှင် သိချင်း ကျွန်တော်၏စိတ် အတော်ပဲ သက်သာရာရ၍သွားသည်။

"ဘယ့်နှယ်လဲ သားရယ် . . . မင်းကိစ္စတွေ ပြီးပလား၊ အေးပလား၊ တစ်နေ့လုံး ဘယ်မှာသွားနေသလဲ၊ သမီးတို့ ထမင်းထည့်။ မင်းတို့အစ်ကို လာပြီ"

ကျွန်တော် ဝမ်းသာအားရနှင့် ပျာပျာသလဲဖြစ်နေသည်။

mgyoe.com

mgyoe.com


"ကျွန်တော် စားခဲ့ပြီ အဖေ . . . ဟဲ့ . . . မထည့်နဲ့တော့"

သူပြောပြီး မျက်နှာမပျက် ထိုင်လိုက်သည်။ ကျွန်တော့်မှာ သူ၏ အရိပ်အခြည်ကိုကြည့်၍ အရိပ်အကဲခတ်ပြီးမှ ပြန်ပြောနိုင်ပါသည်။

"ငါ့မှာတော့ကွယ် တစ်နေ့လုံး စိတ်တပူပူနဲ့၊ လွတ်မှ လွတ်ပါ့မလား နဲ့။ ဂျပန်မြင်တိုင်း လန့်နေရတော့တာပဲ။ ထမင်းဘယ်က စားလာခဲ့သလဲ"

"ခြောက်ထပ်ကြီးက ကြီးကြီးတို့ဆီက စားလာခဲ့တယ်။ ဒါလောက် လည်း ကြောက်မနေပါနဲ့ အဖေ . . . ဒီလောက် အရေးမကြီးသေးပါဘူး"

သူ့အသံက အေးသော်လည်း သူ့မျက်နှာက မှုန်ကုပ်ကုပ်ဖြစ်နေ ပါသည်။ သူ့ရင်ထဲ၌ မအေးခြင်းကို ကျွန်တော်မသိအောင် ထိန်ချန်ထား သည်ဟု ကျွန်တော် ထင်မိသည်။

"အို . . . ဒီထက်ပဲ အရေးကြီးစရာတွေ ရှိသေးသလားကွ၊ တော်လှန် လာတာထက် ဘာအရေးကြီးသေးသလဲ။ စစ်တပ်ထဲက မင်းတို့ပျောက် သွားတာ မင်းတို့ကို လိုက်ရှာနေရောပေါ့။ မမိသေးလို့ မင်း အသက် ရှင်နေတာ၊ မိရင် ဂျပန်က မင်းကို ချမ်းသာပေးမလား"

"ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူတို့လည်း ဉာဏ်နဲ့လူလိမ္မာ ကြီးတွေ လုပ်နေတယ်။ အရမ်းတော့ မလုပ်သေးဘူး။ ဘယ်လိုလုပ် မယ်ဆိုတာသာ အကြံယူနေကြတယ်။ အရေးတော့ ယူမှာပဲ . . ."

"အရေးယူလာရင် မင်းတို့ ဘယ်လိုလုပ်ကြမှာလဲ"

"ဒါတော့ လူကြီးတွေအလုပ်ပဲ၊ ကျွန်တော်တို့အလုပ်မဟုတ်ဘူး"

"မင်းပြောတာ နားလည်ပါတယ်။ လူကြီးတွေ စဉ်းစားပြီးသားမှန် လည်း သိပါပြီ။ ငါမေးချင်တာက မင်းကိုဖမ်းရင် ဘယ်လိုလုပ်မလဲ"

"လွတ်အောင်ရှောင်ရတာပေါ့၊ ရှောင်လို့မှ မရလည်း တွယ်ရမှာပေါ့"

"လွတ်ဖို့တော့ ခဲယဉ်းပါတယ်ကွာ။ မင်း ဒီလိုနေရင်တော့ တစ်နေ့ မမိ တစ်နေ့မိတော့မှာပဲ။ ဂျပန်တွေက မင်းနေရာမသိလို့ လာမဖမ်းကြ

mgyoe.com

mgyoe.com

နဲ့ဦး။ သူတို့ရဲ့ အလိုတော်ရိတွေ မရှိဘူးလို့ ဆိုနိုင်မလား၊ မျက်နှာလိုချင်လို့ သွားပြီး လက်တို့ကြမှာပဲ"

"ဒါတွေကို ကျွန်တော် အကုန်နားလည်ပါတယ် . . . အကုန်တွက်ပြီးသားပါ။ ဒါကြောင့် ရှောင်စရာ တိမ်းစရာ နေစရာ ထိုင်စရာ အပူတပြင်း လိုက်ရှာနေတာပေါ့"

သူသည် ငြိမ်၍ တွေးနေသည်။ ကျွန်တော်လည်း သူ့ကို လုံလုံခြုံခြုံ ဝှက်နိုင်ဖို့နေရာ လိုက်ရှာကြည့်ပါသည်။ မြန်မာပြည်၌ ဂျပန့်ရန်အတွက် လုံလုံခြုံခြုံဝှက်ထား၍ရမည့်နေရာကို ကျွန်တော့်အတွက် အလွယ်တကူရနိုင်ရန် ခက်ခဲလှသည်။ ဟိုနေရာလုံနိုးနိုး၊ သည်နေရာ လုံနိုးနိုးနှင့် ရွာစဉ်တကာ မြို့စဉ်တစ်လျှောက် စိတ်ရောက်နေပါသည်။

"ဒါဖြင့် ဒီလိုလုပ်ရအောင် . . . မင်းနှမလေးတွေရယ်၊ မင်းကြီးဒေါ်ရယ် ဣန္ဒြေမပျက် ဒီမှာပဲထားခဲ့မယ်။ သူတို့ဘာသာ သူတို့ ရှာဖွေလုပ်စားကြလိမ့်မပေါ့။ အကြောင်းကံပေါ့ကွယ်။ အသက်ထက်တော့ ဘာအရေးကြီးသလဲ။ မင်းနဲ့ငါနဲ့ တိတ်တိတ်တဲဝိုင်းကြီးရွာမှာ သွားပြီးပုန်းကြမယ်။ ဟိုရွာကလူတွေ ငါ့ကိုခင်ကြတယ်။ သူတို့စောင့်ရှောက်မှာပဲ။ ထမင်းလည်း ကျွေးထားမှာပဲ"

သူသည် စိုက်၍ နားထောင်နေရာမှ ခေါင်းကို ယမ်းခါလိုက်ပါသည်။

"ဟာ . . . ဘယ်ဖြစ်မလဲ အဖေရဲ့၊ ကျွန်တော်တို့လုပ်နေကြတာက ဒီလိုပုန်းဖို့မှ မဟုတ်ဘဲ"

ကျွန်တော့်တွင် သူ့ကိုဖွက်ရန် လုံလုံခြုံခြုံရှိရန် နေရာများကို ရှာတွေးလိုက်ရသည်မှာ ခေါင်းကိုမူးနောက်နေသည်။ သူကတော့ တခြားတွေးနေပါသည်။ ကျွန်တော်၏ ကရုဏာဒေါသကိုကြိုးစားပြီး မျိုသိပ်ရသည်။

"နို့ . . . ဘာလုပ်ရမှာတုန်းကွ"

mgyoe.com

mgyoe.com


"အခု ခဏကလေး အလုပ်မစခင် ရှောင်ရုံ ရှောင်နေရမှာ။ ရှောင်ရမယ်ဆိုရင်လည်း တပ်နဲ့ တပ်ကဗိုလ်နဲ့ နေ့တိုင်း ဆက်သွယ်နေရမယ်။ အထက်က အမိန့်ကျလာရင် ချက်ချင်းထတိုက်ရမှာ။ ဗာရာဏသီ လျှောက်ပြေးဖို့မဟုတ်ဘူး။ ဘယ်အချိန်မဆို ကျွန်တော်တို့ အသင့်ရှိနေရမယ်"

ကျွန်တော်၏ရင်ထဲ၌ တက်လာသော စိတ်မချမ်းသာမှု အလုံးကြီးဆို့လျက်ဖြင့် သူ့ကိုနားဝင်အောင် ပြောရပါသည်။

"သားရယ် . . . အဖေ့စကား နားထောင်ပါကွယ်။ မင်း နှမလေးတွေ မျက်နှာလည်း ကြည့်ပါဦး။ မိတဆိုးကလေးတွေပါ။ ဒီအဖေနဲ့ ဒီအစ်ကိုပဲ အားကိုးစရာရှိတယ်။ မင်းတို့အလုပ်ကလည်း ဘာမဟုတ် ညာမဟုတ် ခုအင်္ဂလိပ်ကို ချချ၊ ခု ဂျပန်ကို ချချနဲ့ စိတ်ကိုမှ မနိုင်သေးတဲ့ ကလေးတွေလို လုပ်နေကြတော့တာပဲ"

သူ့ခေါင်းမှာ ငုံ့နေရာမှ ထောင်လာကာ မခံနိုင်သောမျက်နှာတည်တည်ဖြင့် ပြန်ပြောပါသည်။

"ဒီလိုမပြောပါနဲ့ အဖေ . . . လူကြီးတွေမှ တကယ့်ပညာရှိတဲ့ လူကြီးတွေလုပ်နေတဲ့အလုပ်ပါ။ ဘာပဲလုပ်လုပ် လုပ်သမျှဟာ မြန်မာပြည်အတွက်၊ မြန်မာလူမျိုးအတွက်၊ ဒါဟာလိုရင်းပဲ မဟုတ်လား"

ကျွန်တော် သူ့ကို စိတ်ပျက်အောင် ကြိုးစားပြီး ပြောစရာစကားကို ရှာတွေးနေရသည်။

"အေးလေ . . . ဟုတ်ပါတယ်၊ အစတုန်းက မြန်မာပြည်နဲ့ မြန်မာလူမျိုးကောင်းစားဖို့ အင်္ဂလိပ်ကို ချချဆိုပြီး ဉာဏ်ပညာနဲ့ စီစဉ်ဝေဖန်ပြီး ချလာခဲ့တာပဲ မဟုတ်လား။ အခုတစ်ခါပြန်ပြီး ဒီဉာဏ်ပညာကပဲ ဂျပန်ကို ချချလို့ စီစဉ်ဝေဖန်လာပြန်တော့ မင်းဉာဏ်ပညာကို ငါဘယ်လိုယုံကြည်ရမှာလဲကွာ"

mgyoe.com

mgyoe.com


သူသည် ဘာမျှပြန်မပြောဘဲ မှုန်တေတေနှင့် ဆိတ်ဆိတ်ပင်ထိုင်နေသည်။ လမ်းပေါ်တွင် လူသွားလူလာများ နည်း၍ လူသံသူသံများ တိတ်ဆိတ်သွားပါသည်။ မနီးမဝေးမှ ပြင်းပြင်းခေါက်လိုက်သည့် နာရီသံချောင်းခေါက်သံမှာ တိတ်ဆိတ်ခြင်းကိုဖောက်ထွင်း၍ ကျွန်တော်၏ နားထဲတွင် အချက်တိုင်းအချက်တိုင်း သိမ့်သိမ့်သွားပါသည်။

"၁၀ နာရီတောင် ထိုးပါပြီအဖေ . . . အိပ်ပါတော့၊ မနက်ကျရင် အိပ်ပျက်လို့ အဖေ နေမကောင်းပဲ ဖြစ်နေမယ်"

"မင်းကို ငါက မွေးထုတ်တာပါ။ ငါ့ကျန်းမာရေး ငါသိပါတယ်။ မင်းကိုပြောစရာရှိတယ်။ ငါပြောမယ့်စကားကို စဉ်းစဉ်းစားစား နားထောင်စေချင်တယ်"

"နားထောင်သင့်ရင် ထောင်ပါ့မယ်၊ ပြောပါ"

"အေး . . . တို့ အခုပြောနေကြတာ သူစိမ်းမရှိဘူး။ ဒို့ သားအဖပဲ၊ ငါပြောချင်တာက မင်းတို့စစ်တပ်ကြီးဟာ လူတွေအများကြီးပဲ။ ဘယ်သူ ဘယ်ရောက်နေတယ်ဆိုတာ ဘာသိမှာလဲ။ အဖေနဲ့ မင်းနှမလေးတွေကိုချစ်လို့ သနားလို့ရှိရင် ခုနက ငါပြောသလို ဒို့သားအဖ သွားပုန်းရအောင် သားရယ်"

"မဖြစ်နိုင်တာ အဖေ . . . ကျွန်တော်တို့လူတွေဟာ မြန်မာတစ်ပြည်လုံး ဘယ်နေရာမှာမှ မလွတ်ဘူး။ နေရာတိုင်းမှာ တပ်စိတ်ကလေးတွေ ထားတယ်။ အိမ်ကြိုအိမ်ကြား ခြံကြိုခြံကြား တောကြိုတောကြား အို . . . ဘယ်ရှောင်ရှောင် ဘယ်ပုန်းပုန်း ခြေလှမ်းနည်းနည်းကလေး မမှားနဲ့။ ကျွန်တော်မှားရင် တခြားလူက ကျွန်တော့်ကိုသတ်မှာပဲ။ တခြားလူမှားရင် ကျွန်တော်က တခြားလူကို သတ်မှာပဲ။ သစ္စာမရှိဘဲ လူလိမ်မှာ လုပ်ပြီး လှည့်လို့တော့ မရဘူး၊ အသေချည်းပဲ"

ကြားရပုံမှာ စိတ်ချမ်းသာစရာ နားချမ်းသာစရာ တစ်ချက်မျှမရှိပါ။

mgyoe.com

mgyoe.com


မည်သို့ပင် သူက တင်းတင်းမာမာ ပြောနေစေကာမူ ကျွန်တော့်အပေါ်တွင် ကရုဏာသက်ရမည်ဟူသော ယူဆချက်ဖြင့် အားမလျှော့သေးပါ။ ကျွန်တော့်ဘက်ပါအောင် ဆွဲရပါမည်။

"လွတ်အောင်ပြေးမယ်ကွာ . . ."

"ဘယ်လွတ်မလဲ အဖေရဲ့ . . . အဖေပြောသလိုသာ သစ္စာမဲ့ကြပြီး အရေးကျရင် သူကလည်း ဟိုရှောင်ထွက်သွား၊ ငါကလည်း ဒီရှောင်ထွက်သွားနဲ့ဆိုရင် ဘာလုပ်လို့ ရဦးတော့မှာလဲ။ အဖေတို့လို ရှေးက စိတ်ကူး ရှေးကဉာဏ်မျိုးနဲ့ လုပ်နေကြတာ မဟုတ်ဘူး။ အခုခေတ်၊ အခု စိတ်ကူး၊ အခုဉာဏ်မျိုးနဲ့ လုပ်နေကြတာ၊ ခုမှားရင် ခု အသေခံရမှာပဲ"

ကျွန်တော့်မှာ ရင်ဖိထားရမလောက် နှလုံးတုန်လှုပါသည်။ တစ်ကိုယ်လုံး ကြက်သီးတဖျန်းဖျန်းထသွားသည်။ ချွေးဒီးဒီးကျလေသည်။ သူပြောလိုက်သည့် စကားအဓိပ္ပာယ်ကို ကျွန်တော် တစ်လုံးထက်တစ်လုံး ပို၍ သဘောပေါက်နားလည်လာပါသည်။

"ဒုက္ခ ဒုက္ခ . . . ဒီကလေးတွေ လက်စသပ်တော့ ဂျပန်ကသတ်၊ မသေလို့ လွတ်သွားရင် အချင်းချင်းက သတ်၊ ဒါမှမသေရင် သိပ် ကံထူးကြတဲ့ ကလေးတွေပဲ"

ကျွန်တော်ဘာမျှ တိုက်ရိုက်မပြောဘဲ ယင်းသို့ စဉ်းစားလျက်နေစဉ် တဲရှေ့မှ စစ်သားဖိနပ်သံများနှင့်တကွ "ရူးရကား ရူးရကား"ဟု အော်ငေါက်ဝင်လာသော ဂျပန်စစ်သားများ၏ အသံကို ကြားလိုက်ရသည်။

ကျွန်တော့်မှာ ငယ်ထိပ်ကို မြွေပေါက်လိုက်သလားဟု ထင်ရပါသည်။ ပြေးပေတော့၊ ပြေး ပြေး။ ပြောပြောဆိုဆို ကြံရာမရဘဲ သူ့နှမလေးများရှိရာတဲအရှေ့ခန်းကို အပြေးထွက်သွားရသည်။

ဂျပန်စစ်သားများမှာ လှံစွပ်တပ်ထားသော သေနတ်ကြီးများဖြင့် တစ်ယောက်က ကျွန်တော့်အား လှံစွပ်နှင့် တေ့လျက် တစ်ယောက်က

mgyoe.com